# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၄၉ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် "**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ**" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန ( ၂ ) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန ( ၄ ) | အဖွဲ့ဝင် |

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဓ) ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(န) ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အဖွဲ့ဝင်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(ပ) ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| (ဖ) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်**လ**ည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဝ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မူဝါဒ၊ လမ်းညွှန်ချက်များချမှတ်ပေးရန်၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊

(ဂ) ကော်မတီအဆင့်ဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်စေရန်နှင့် ယင်းလုပ်ငန်းစီမံချက်များကို စိစစ်အတည်ပြုပေးရန်၊

(ဃ) ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲရန်နှင့် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ရန်၊

(င) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၆ လ တစ်ကြိမ် အစီရင်ခံတင်ပြရန်၊

(စ) ပိတ်သိမ်းမည့်စခန်းအလိုက် လိုအပ်သော ရန်ပုံငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊

(ဆ) စခန်းပိတ်သိမ်းမည့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်သော အစည်းအဝေးကျင်းပသည့်အခါ အထူးဖိတ်ကြားသူအဖြစ် ဖိတ်ကြားဆောင်ရွက်ရန်၊

(ဇ) ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အစည်းအဝေးများကျင်းပသည့်အခါတွင် သင့်လျော်သလို ဖိတ်ကြားရန်၊ (ကိုယ်စားလှယ်များတွင် အမျိုးသမီးများ ပါဝင်ရမည်)

(ဈ) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများ (Stakeholders) နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) ပြည်တွင်းနေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်များအတွက် ဖွဲ့စည်းထားသော ဆက်စပ်ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရန်။

၃။ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဥက္ကဋ္ဌအနေဖြင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် ကော်မတီရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃ - ၆ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅ / ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ